
Goddess
ချိုမြိန်သော ချစ်ဇနီးဆိုးလေး
အပိုင်း (၃၂)
(စာမြည်း)

# အခန်း ၁
# မကောင်းဆိုးဝါးလေး

နောက်တစ်နေ့တွင် ။

ရတနာနန်းတော်သူဌေး ဝမ်ဟောယွမ်သည် ရီဝမ်ဝမ်နှင့် တခြားသူများအား အစားအသောက် ဧည့်ခံကျွေးမွေးသည် ။

ရတနာနန်းတော်မှ အရည်ကျောက် ထွက်သည် ဆိုသော သတင်းမှ နာမည်ကြီးသွားခဲ့ပြီး သူတို့ နာမည်သည် လည်း ထိုးတက်သွားခဲ့လေပြီ။

တစ်ဖက်တွင် ဝမ်ဟောယွမ်ဆီမှ ကျောက်ရိုင်းတို့ ကို ဝယ်ရမည့်သူသည် သူဖြစ်နေရဲ့ သားနဲ့ ဟူမောက်ဖန်က မတားမြစ်ခြင်းကြောင့် ဖြစ်ရသည် ဟု ဆိုကာ ဟွမ်ရှီရှင်းသည် ဟူမောက်ဖန်အား ရန်လုပ်လို့ နေသည် ။

ဝမ်ဟောယွမ်သည် ရီဝမ်ဝမ်ထံမှ ရသမျှ ပိုက်ဆံအားလုံးကို ...

ကျောက်ရိုင်းတုံးတွေ အကုန် ပိတ်ဝယ်ပစ်လိုက်ပြီး ထိုကျောက်ရိုင်းတုံး အားလုံးမှာ နှစ်ရက်အတွင်း ရောင်းထွက် သွားခဲ့ကြသည် ။

သူသည် အမှန်တကယ် ကံဇာတာ တက်လာချေပြီ။ သူဝယ်လိုက်သည့် ကျောက်ရိုင်းတွဲ တို့ သည် လည်း အတော်အသင့် ကောင်းသော ကျောက်စိမ်းတို့ ကို ထုတ်ပေးနိုင်ခဲ့ပြီး "အမှိုက်ထွက်သည့်ဆိုင်" ဆိုသ

ည့်နာမည်မှာ ဟိုးအဝေးတွင် မှေးမှိန် သွားခဲ့လေပြီ။

"မိန်းကလေး ရီ ကြောင့်သာ မဟုတ်ရင် ကျွန်တော့်ရဲ့ ရတနာ နန်းတော်ဆိုင်က ချိပ်ပိတ်ပစ် ရတော့မှာ ပါဗျာ။ လာပါ ... ကျွန်တော် မိန်းကလေးကို တိုက်ပါရစေ"

ဝမ်ဟောယွမ်သည် ဖန်ခွက်ကို မြှောက်ပြီး ကျေးဇူးတင်ကြောင်း တ ဖွဖွပြောနေသည် ။

"သူဌေး ဝမ် ... ဒါက ဘာမှ မပြောပလောက်ပါဘူးရှင်။ ကျွန်မ သော က်လို့ တော့ တကယ်မဖြစ်လို့ ပါ။ ဒီအစား ရေနွေးသောက်ပေးရင် ဘယ် လိုလဲ။ သူဌေးဝမ်ရဲ့ စီးပွားရေး ဒီရေအလား တိုးတက် အောင်မြင်ပါစေ"

"ကျေးဇူးတင်ပါတယ်။ ဆုတောင်းပေးတဲ့ အတွက် ကျေးဇူးတင်ပါတ ယ်"

နံဘေးတွင် ရှိနေသည့် ဝမ်ဟူသည် လည်း တသောသော ရယ်မော နေသည် ။

"ကျွန်တော်တို့ ရဲ့ ဆိုင်ကနေ မိန်းကလေး ဝယ်သွားလို့ သာ ကျွန်တော်တို့ ရဲ့ ကံဇာတာတွေ တက်လာရတာပါဗျာ။ မိန်းကလေး ရီ ... မိန်းကလေးက ကျွန်တော်တို့ အတွက်တော့ တကယ့်ကို လာဘ်ကော င်းစေတဲ့ သူပဲဗျ"

စားပြီးသောက်ပြီး သွားကြသည့်နောက် အားလုံး ဟိုတယ်ဆီ ပြန် ကြသည် ။ ရီဝမ်ဝမ်က မျက်ခုံးတစ်ဖက် ပင့်တက်သွား၏။

"ကပ္ပတိန် နန် ... ဖုန်းမကိုင်ဘူးလား"

အမည်မရှိသော နန်၏ မျက်နှာမှာ ဖြူရော်လို့ နေသည် ။ ဆံပင်မွေး တို့ ကို ဆုပ်ကိုင်ထားပြီး အခန်းထဲ ချာလပတ်ရမ်းအောင် ပတ်ချာလည်

သွားနေလေသည် ။

"သေစမ်း ... ဘာတွေ ဖြစ်နေတာလဲ။ ဖုန်းသံက ပုံမှန် မဟုတ်ဘူး ။ မကောင်းဆိုးဝါးလေးက တစ်နေ့ကပဲ ဖုန်းခေါ်ထားတာ မဟုတ်ဘူးလား။ ဘာလို့ ထပ်ပြီးတော့..."

တခြားလူ လေးယောက်သည် လည်း တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြပြီး ဒီနေရာမှာ ရှိမနေကြသည့်အတိုင်း ထောင့်တစ်ထောင့်တွင် ငြိမ်ငြိမ်လေး သွားကုပ်ကုန်ကြသည် ။

အမည်မရှိသောနန်သည် ဖုန်းမကိုင်လိုက်ခင် ဘုရားအကြိမ်ကြိမ် တနေမိလေ၏။ ဒီနောက်မှ မနည်းတည်ငြိမ်အောင် ထိန်းထားသည့် အသံဖြင့် သူပြောလိုက်သည် ။

"မင်းအဖေနဲ့ အမေကို မတွေ့သေးဘူး၊ ဒါပေမဲ့ စိတ်ချ ... မင်း ဦးလေး၊ ငါက နောက်ဆုံးရက်မတိုင်ခင် မတွေ့တွေ့အောင်ကို ရှာမှာ ... မရှာနိုင်ရင် လည်ဖြတ် ..."

"ဘာတွေ အဲဒီလောက် စိတ်လှုပ်ရှားနေတာလဲ။ ကျွန်တော်က ဦးလေးကို တွေ့ချင်ရုံပဲ" မကောင်းဆိုးဝါးလေး၏ ထူးမခြားနား အသံသည် ဖုန်းတစ်ဖက်ကနေ ပေါ်ထွက်လာသည် ။

"အမ် ..." အမည်မရှိသောနန် တံတွေးမျိုချလိုက်မိ၏။

ငါ့ကို တွေ့ချင်လို့ ... တွေ့ချင်ရုံဆို သူ့အသံက ဘာလို့ ဒီလောက်ထိ ကြောက်စရာ ကောင်းနေရတာလဲ။

"ဦးလေး တစ်ယောက်တည်းလား"

မကောင်းဆိုးဝါးသည် သူ့အနောက်ကို တစ်ချက် ကြည့်လိုက်သည် ။

"ဟင့်အင်း ... တခြားသူတွေလည်း ရှိတယ် ..."

အမည်မရှိသောနန်က အနည်းငယ် အံ့ဩမိနေသည် ။

"အင်း"

မကောင်းဆိုးဝါးလေးသည် အမူအရာမဲ့စွာဖြင့် ခေါင်းညိတ်ပြလာသည် ။ ဒီနောက် မေးလာ၏။

"ညစာ စားပြီးပြီလား"

အမည်မရှိသောနန်မှာ အလန့်ကြီး လန့်မိသွားပြီး ဖုန်းကို ပစ်ချလိုက်မိမတတ် ဖြစ်သွားရသည် ။ မကောင်းဆိုးဝါးလေးက ငါ့ကို ဂရုစိုက် ပေးနေလို့ ပါလား။

ချီးပဲ ဘောပဲ လခွမ်းပဲ။ သောက်ကျိုးနဲ့ ... ဒီဘိုးဘိုးလေး ဘာလိုချင်နေတာလဲ။

အမည်မရှိသော နန်ခမျာ ဖုန်းလည်း မချပစ်ရဲလေရာ ပြန်သာ ဖြေပေးလိုက်ရ၏။

"အအအ ... အင်း ... စားပြီးပြီ ... ဘိုးဘိုးလေး၊ တစ်ခုခုများ ဖြစ်လို့လား"

"ဘာလဲ ... ဦးလေးနဲ့ စကားတောင် ပြောလို့ မရတော့ဘူးလား"

မကောင်းဆိုးဝါးလေးသည် သူ့နှုတ်ခမ်းကို ကိုက်ထားပြီး အလွန်အမင်း မျက်နှာမှုန်ကုတ်နေသည် ။

ဒီရုပ်က ငါနဲ့ စကားပြောချင်နေတဲ့ ရုပ်မို့လို့ လားဟ။ မကောင်းဆိုးဝါးလေးရဲ့ လူတွေကို နှိပ်စက်တဲ့ နည်းက ... ထပ်ပြောင်းသွားပြန်ပြီလား။

အမည်မရှိသောနန်သည် အနှိပ်စက်ခံ နေရခြင်းကြောင့် ရူးမတတ် ဖြစ်နေလေပြီ။

"ရ ... ရပါတယ် ..."

ငါ မင်းနဲ့ စကားလုံးဂ မပြောချင်ဘူး၊ ဟုတ်ပြီလား။

တစ်ခဏကြာသည့်တိုင် အမည်မရှိသောနန်သည် ဖုန်းမချသေးသဖြင့် ရီဝမ်ဝမ်က အလိုက်တသိဖြင့် ထွက်သွားပေးဖို့ လုပ်လိုက်တော့၏။

"ကပ္ပတိန် နန် ... ဘာကိစ္စမှ မရှိတော့ဘူးဆိုရင် ကျွန်မ ပြန်တော့မယ်"

အမည်မရှိသောနန်က မြန်မြန်ပင် ပြောလာသည် ။

"အဲ ... ကောင်းပါပြီ၊ ကောင်းပါပြီ ..."

အမည်မရှိသောနန်သည် ရီဝမ်ဝမ်ကို စကား လှည့်ပြောလိုက်ချိန် ဖုန်းသည် အနည်းငယ် လှုပ်ခတ်သွားသဖြင့် မကောင်းဆိုးဝါးလေးသည် ဗွီဒီယိုကောလ် ထဲကနေ ရီဝမ်ဝမ်၏ ပုံကို တစ်စွန်းတစ်စလေး လောက်သာ မြင်လိုက်ရတော့၏။

ရီဝမ်ဝမ် ပြန်သွားသည့်နောက် အမည်မရှိသောနန်သည် မကောင်းဆိုးဝါးလေးနှင့် စကားကို ဆက်လိုက်၏။

"ငါတို့ ဆက်ပြောကြမယ်"

မကောင်းဆိုးဝါးလေးသည် သူ့ရဲ့ ဦးလေး ဖြစ်သူအား ယင်ကောင်တစ်ကောင်လိုလို အကြည့်ဖြင့် အလိုမကျ စိတ်ပျက်စွာ ကြည့်လာသည် ။

"ကျွန်တော့် မိဘတွေကိုတော့ ရှာမတွေ့သေးဘဲနဲ့ ဘာကိုပြောရမှာ

လဲ"

ပြောပြီးသည် နှင့် ဖုန်းကို ဂွပ်ခနဲ ချသွားလေသည် ။

အမည်မရှိသော နန်ခမျာ ပါးစပ်အဟောင်းသား ဖြစ်ကျန်ခဲ့ရ၏။

***